မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၄၇] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၆၀/၂၀၂၁)**

**၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်–

(က) မြန်မာသမိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ သုတေသီများ၊ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်သည့် အချိန်ပြည့် အဖွဲ့ဝင်စုစုပေါင်း ၂၀ ဦးထက်မပိုသော မြန်မာသမိုင်းအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) သမိုင်းဆိုင်ရာ သုတေသနကဏ္ဍအတွက် လိုအပ်သည့် အကြံဉာဏ်များ၊ ဦးဆောင်မှုများ ပေးနိုင်သည့် သမိုင်းဆိုင်ရာကျွမ်းကျင်သူသက်ကြီးပညာရှင်များနှင့် အထောက်အကူပြုနိုင်သည့် ဌာနဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၅ ဦးထက်မပိုသော ပုဂ္ဂိုလ်များပါဝင်သည့် အချိန်ပိုင်းအဖွဲ့ဝင်များကိုလည်း လိုအပ်သလို ဖြည့်စွက်ဖွဲ့စည်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသည့် အချိန်ပြည့်အဖွဲ့ဝင်များမှ အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဖွဲ့စည်းထားသောအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

**အမိန့်အမှတ် (၁၈၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စစ်မှန်သည့်ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးအစွန်းရောက်များ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG တို့၏ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံနေရသူများအား လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူ (၁၃၁၆) ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၈၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

**ဆူပူဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စစ်မှန်သည့် ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးအစွန်းရောက်များ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG တို့၏ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခဲ့သဖြင့် အရေးယူခံရပြီး နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုခြင်းခံနေရသူများအား လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် တရားစွဲဆိုခြင်းခံနေရသူ (၄၃၂၀) ဦးတို့၏ ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကိုပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၁၈၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်သီမာနွယ် အား ၎င်း၏သဘောဆန္ဒအလျောက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှစ၍ ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၁၈၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးဟန်သိန်း အား စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၂၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

### CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅၆/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ** တွင် တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန **အစား** ဦးဆောင်ညွှန်ကြားရေးမှူး အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၁/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ အဖွဲ့ဝင်များ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၄/၂၀၂၂ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ** တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်၍ အဖွဲ့ဝင်များကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | **အစား** | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၃) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | **အစား** | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၂၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၅/၂၀၂၂ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ** တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်၍ အဖွဲ့ဝင်များကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | **အစား** | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ညွှန်ကြားရေးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့်<br>နိုင်ငံသားဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | ညွှန်ကြားရေးမှူး<br>အမျိုးသားမှတ်ပုံတင်နှင့်<br>နိုင်ငံသားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၃) | ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | **အစား** | ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၂၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

### တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အဖွဲ့ဝင်များ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၃/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ** တွင် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန **အစား** အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်၍ အောက်ပါပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်း လိုက်သည်–

(၁) အမြဲတမ်းအတွင်းဝန်
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(၂) အမြဲတမ်းအတွင်းဝန်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

## ဦးစီးအရာရှိရာထူး ခန့်ထားခြင်း

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၁ ဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သော အောက်ဖော်ပြပါ အရာရှိ (၁၆) ဦးတို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောတူခွင့်ပြုချက်အရ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများ၌ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၂၉၇၈၇ | ဗိုလ်ကြီး | နိုင်လင်းထွေး |
| (၂) | ကြည်း ၃၀၆၇၇ | ဗိုလ်ကြီး | ဝင်းနိုင် |
| (၃) | ကြည်း ၃၂၆၅၆ | ဗိုလ်ကြီး | သော်ကအောင် |
| (၄) | ကြည်း ၃၃၇၁၃ | ဗိုလ်ကြီး | အောင်ကိုလတ် |
| (၅) | ကြည်း ၃၃၇၉၅ | ဗိုလ်ကြီး | အောင်ဇော်မိုးသန်း |
| (၆) | ကြည်း ၃၃၈၂၅ | ဗိုလ်ကြီး | နေမျိုးအောင် |
| (၇) | ကြည်း ၃၈၄၅၇ | ဗိုလ်ကြီး | ကျော်ဇေယျ |
| (၈) | ကြည်း ၄၃၂၆၅ | ဗိုလ်ကြီး | စိုးသူ |
| (၉) | ကြည်း ၄၃၅၀၄ | ဗိုလ်ကြီး | အောင်ကိုဝင်း |
| (၁၀) | ကြည်း ၄၄၀၆၉ | ဗိုလ်ကြီး | ဟိန်းဇော်ဦး |
| (၁၁) | ကြည်း ၄၅၀၅၀ | ဗိုလ်ကြီး | အောင်ကျော်မြင့် |
| (၁၂) | ကြည်း ၄၆၂၁၁ | ဗိုလ်ကြီး | အောင်ငွေစိုး |
| (၁၃) | ကြည်း ၄၆၇၃၇ | ဗိုလ်ကြီး | ဝင်းမင်းလတ် |
| (၁၄) | ကြည်း ၅၈၀၅၃ | ဗိုလ်ကြီး | ဟိန်းထက်အောင် |
| (၁၅) | ကြည်း ၅၈၁၄၈ | ဗိုလ်ကြီး | ရဲမင်းသော် |
| (၁၆) | ကြည်း ၅၉၁၁၄ | ဗိုလ်ကြီး | လွင်ကိုမောင် |

သိန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အခွန်အယူခံခုံအဖွဲ့

## ၂၀၂၁ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၂

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဒေါ်နွယ်နီဝေ<br>Managing Director<br>THREE STAR POWER Co., Ltd<br>၈၆ လမ်း၊ ၁၇ x ၁၈ ကြား၊<br>အောင်မြေသာဇံမြို့နယ်၊<br>မန္တလေးတိုင်းဒေသကြီး။ | နှင့် | ညွှန်ကြားရေးမှူး<br>ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ<br>အကောက်ခွန်ဦးစီးဌာန၊<br>ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက်လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက်လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင်၊ ဦးစီးအရာရှိ (ဌာနဆိုင်ရာကိုယ်စားလှယ်) အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် |

### စီရင်ချက်

အမှုမှာ THREE STAR POWER Co., Ltd မှ တင်သွင်းလာပြီး (၂၈-၁၀-၂၀၁၈) ရက်နေ့တွင် AWPT ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် B/N FOTON LIGHT TRUCK (12) Units ကို Reshipment ပြန်လည်တင်ပို့ရန် ဆောင်ရွက်ခဲ့သော်လည်း ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းမရှိဘဲ သွင်းကုန်ကြေညာလွှာ (ID.No) 100112617250 (12-7-2019) ဖြင့် ရှင်းလင်းထုတ်ယူရန်ဆောင်ရွက်ရာ VPA (၂) ရက်မှ (၁၉) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းတို့အတွက် အဆိုပါ B/N FOTON LIGHT TRUCK (12) Units ခန့်မှန်းတန်ဖိုး ကျပ် (၉၄,၇၃၀,၆၈၈/-) အား AWPT ကုန်သေတ္တာ စစ်ဆေးရေးစခန်း၊ အကောက်ခွန်ဦးစီးဌာနက အမှုတွဲဖွင့်လှစ်၍ အရေးယူခဲ့သောအမှုဖြစ်ပြီး၊ အခင်းဖြစ်ပစ္စည်းများကို မည်သည့်အတွက် မသိမ်းဆည်းထိုက်ကြောင်း ထုချေလွှာတင်သွင်းဖြေရှင်းရန် ပိုင်ရှင်ဖြစ်သူထံ အကြောင်းကြားခဲ့သော်လည်း၊ ပိုင်ရှင်ဖြစ်သူမှ ထုချေလွှာတင်သွင်းဖြေရှင်းခြင်းမရှိ၍ အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) နှင့် (၃/၂၀၁၈) တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်၍ တင်သွင်းလာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ကျူးလွန်ခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့မှုအပေါ် ကျေနပ်မှုမရှိ၍ လျှောက်ထားသူ ဒေါ်နွယ်နီဝေ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းက အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်သွင်းလျှောက်ထားလာသော အမှုဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းမှ လျှောက်လဲတင်ပြရာ၌ လျှောက်ထားသူကုမ္ပဏီသည် တရုတ်နိုင်ငံထုတ် Brand New Foton Light Truck (၁၂) စီးကို ၃၀-၈-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/1835 ဖြင့် (၁) စီး၊ ၆-၉-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/1914 ဖြင့် (၁) စီး၊ ၃၀-၁၀-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/0304 ဖြင့် (၁) စီး၊ ၅-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/0454 ဖြင့် (၁) စီး၊ ၆-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/0479 ဖြင့် (၁) စီး၊ ၈-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/0505 ဖြင့် (၁) စီး၊ ၉-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/0533 ဖြင့် (၁) စီး၊ ၁၂-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/0586 ဖြင့် (၁) စီး၊ ၁၃-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/0608 ဖြင့် (၁) စီး၊ ၁၄-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/0617 ဖြင့် (၁) စီး၊ ၁၅-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/0636 ဖြင့် (၁) စီး၊ ၁၆-၁၁-၂၀၁၈ ရက်စွဲပါ သွင်းကုန်လိုင်စင်အမှတ် ILV 18–19/0662 ဖြင့် (၁) စီး၊ စုစုပေါင်း (၁၂) စီးကို တင်သွင်းခဲ့ရာ အေးရှားဝေါလ် AWPT ဆိပ်ကမ်းသို့ ၂၈-၁၀-၂၀၁၈ ရက်နေ့တွင် ရောက်ရှိခဲ့ပါကြောင်း၊ တင်သွင်းရာတွင် ရောင်းချသူ Foton International Trade Co.,Ltd နှင့် ဝယ်ယူသူ Tharaphu Soe Myint Co.,Ltd တို့အကြား ငွေပေးချေမှု အဆင်မပြေသဖြင့် မလေးရှားနိုင်ငံ Port Klang ဆိပ်ကမ်းသို့ ပြန်ပို့ပေးရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သင်္ဘောကိုယ်စားလှယ်ဌာန (SAD) သို့ ၂၈-၁၁-၂၀၁၈ ရက်နေ့တွင် COSCO သင်္ဘောလိုင်းမှ အကြောင်းကြားခဲ့ပါကြောင်း၊ သင်္ဘောလိုင်းမှ အကြောင်းကြားစာအရ လျှောက်ထားသူကုမ္ပဏီကလည်း ပြန်လည်တင်ပို့ခွင့် Reshipment ပြုလုပ်ခွင့်ပြုရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်ဌာနသို့ လျှောက်ထားခဲ့ရာ၊ အဆိုပါ ယာဉ် (၁၂) စီးကို တင်ဆောင်လာသော ကုန်သေတ္တာ (၃) လုံးအား ပြန်လည်တင်ပို့ခွင့်ပြုရန် ညွှန်ကြားရေးမှူး (ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ)၊ အကောက်ခွန်ဦးစီးဌာနသို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနက ၃၀-၁၁-၂၀၁၈ ရက်နေ့ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနက ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် အဆိုပါ ကုန်သေတ္တာ (၃) လုံးကို ဘုတ်အဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ယာဉ် (၁၂) စီးကိုတွေ့ရပြီး Bill of Lading (B/L) ပါ အချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှုရှိသော်လည်း သွင်းကုန်ကြေညာလွှာ (ID) ဖြင့်လုစ်ဆောင်ရွက်ထားခြင်း မရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး၊ သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းရမည့် ပစ္စည်းဖြစ်၍ သွင်းကုန်လိုင်စင် လိုအပ်သောကြောင့် ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူရန်အတွက် ပြန်လည်တင်ပို့ခွင့်မပြုနိုင်ပါကြောင်းနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ညွှန်ကြားရေးမှူး (ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ)၊ အကောက်ခွန်ဦးစီးဌာနက ၁၈-၁၂-၂၀၁၈ ရက်စွဲပါ စာဖြင့် အကြောင်းပြန်ကြားခဲ့ပါကြောင်း၊ လျှောက်ထားသူကုမ္ပဏီသည် သွင်းကုန်လိုင်စင်များ လျှောက်ထား ရရှိပြီးဖြစ်ပါ၍ ပြန်လည်တင်ပို့ခွင့် Reshipment ခွင့်ပြုပါရန် ညွှန်ကြားရေးမှူး (ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေး ဌာနခွဲ)၊ အကောက်ခွန်ဦးစီးဌာနသို့ ၂၀-၁၁-၂၀၁၈ ရက်စွဲပါစာဖြင့် တင်ပြခဲ့ပြီး ကုမ္ပဏီမှ ကိုယ်စားလှယ် လွှဲအပ်ထားသူ ဦးအောင်ခိုင် ကိုယ်တိုင် ညွှန်ကြားရေးမှူးနှင့်တွေ့ဆုံပြီးဆွေးနွေးခဲ့ရာ Reshipment လုပ်လျှင် ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်လိုင်စင် (Export Licence) လိုအပ်သည်ကို သိရှိခဲ့ရပါကြောင်း၊ ပို့ကုန်လိုင်စင် (Export Licence) လိုအပ်ကြောင်း သိရှိရသဖြင့် လျှောက်ထားသူကုမ္ပဏီသည် ၂၃-၁၂-၂၀၁၈ ရက်နေ့နှင့် ၁၈-၇-၂၀၁၉ ရက်နေ့တို့တွင် ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ (Re-Export) စနစ်ဖြင့် ပို့ကုန်ပါမစ် ခွင့်ပြုပေးရန် လျှောက်ထားခဲ့ပါကြောင်း၊ လျှောက်ထားသူကုမ္ပဏီသည် ပို့ကုန်လိုင်စင်ရရှိရန် စောင့်ဆိုင်းခဲ့ရာ အချိန်ကြာမြင့်လာသည့်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံတွင်

COVID-19 ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်သည့်ကာလဖြစ်နေ၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက တားဆီးထားသည့် အဆိုပါအခင်းဖြစ် ယာဉ် (၁၂) စီးကို ကျသင့်အခွန်အရပ်ရပ်နှင့် သတ်မှတ်ဒဏ်ကြေးများ ပေးဆောင်၍ ပြန်လည်ထုတ်ယူခွင့်ပြုရန် ၂၅-၅-၂၀၂၀ ရက်စွဲပါစာဖြင့် လျှောက်ထားတင်ပြခဲ့မှုအပေါ် အကြောင်းပြန်ကြားခြင်းမရှိပါသဖြင့် ယာဉ် (၁၂) စီးကို သိမ်းဆည်းမည့်အစား ယာဉ်တန်ဖိုး၏ $\frac{1}{4}$ ဒဏ်ကြေးဖြင့် ထုတ်ယူခွင့်ပြုရန် ၁၂-၆-၂၀၂၀ ရက်နေ့တွင် ထပ်မံတင်ပြခဲ့ပြီး၊ အဆိုပါ ယာဉ် (၁၂) စီးအတွက် သွင်းကုန်ကြေညာလွှာစာအမှတ် 100112617250 ကို ၁၂-၇-၂၀၁၉ ရက်နေ့တွင် ထုတ်ယူရရှိရေးတင်သွင်းခဲ့ပါကြောင်း၊ တင်သွင်းလာသောကုန်ပစ္စည်းသည် မှားယွင်းပို့မိသည့်အတွက်လည်းကောင်း၊ ကုန်ပို့သူနှင့် ကုန်လက်ခံသူ (ဝယ်ယူသူ) တို့အကြား အဆင်မပြေ၍လည်းကောင်း၊ ကုန်ပစ္စည်းကို ကုန်ပို့သူနိုင်ငံသို့ ပြန်လည်တင်ပို့ခွင့် Re-Export (သို့မဟုတ်) Reshipment လုပ်ခွင့်ရှိပါ၍ Re-Export အတွက် Export Licence လိုအပ်သကဲ့သို့ Export Licence မလိုအပ်ဘဲ ပြန်လည်တင်ပို့သည့်သာဓကများရှိခဲ့ပါကြောင်းနှင့် မြန်မာနိုင်ငံဆိပ်ကမ်းသို့ ၂၈-၁၀-၂၀၁၈ ရက်နေ့တွင် ကုန်ပစ္စည်းရောက်ရှိပြီး၊ ၆-၁၁-၂၀၁၈ ရက်နေ့တွင် ကုန်ပို့ကုမ္ပဏီက ပြန်လည်တင်ပို့ရန် အကြောင်းကြားခဲ့ခြင်းဖြစ်ရာ လျှောက်ထားသူကုမ္ပဏီအနေနှင့် မရိုးမသားဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ သိမ်းဆည်းမိန့်စာပိုဒ် (၂) တွင် ရည်ညွှန်းထားသည့် ရုံးတွင်းညွှန်ကြားလွှာ (၁၃/၂၀၁၇) အရ ကုန်ပစ္စည်းရောက်ရှိပြီးမှ သွင်းကုန်လိုင်စင်ရရှိမှုတွင် (၁) ရက်မှ (၃) ရက်အထိ ကင်းလွတ်၊ (၄) ရက်မှ (၇) ရက်အထိ $\frac{1}{4}$ AV၊ (၈) ရက်နှင့်အထက်ပြည်သူ့ဘဏ္ဍာသိမ်းဆည်းဟု ဖော်ပြပါရှိပါကြောင်းနှင့် ရုံးတွင်းညွှန်ကြားလွှာအမှတ် (၃/၂၀၁၈) အရ သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးမှ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်း သတ်မှတ်ချက်အရ လိုင်စင်အားလုံးသည် သက်တမ်း (၁၄၇) ရက်နှင့်အထက်ကျော်လွန်နေသဖြင့် ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းခံရနိုင်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ခဲ့သော အဆိုပါ ရုံးတွင်းညွှန်ကြားလွှာ (၂) စောင်သည် အများပြည်သူနှင့် သက်ဆိုင်ခြင်း ရှိ မရှိ ဆိုသောအချက်နှင့် ကုန်တင်သွင်းသူ (Importer) များအတွက် ထုတ်ပြန်ခြင်း ဟုတ် မဟုတ် ဆိုသောအချက်နှင့်ပတ်သက်ပြီး ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ဂ) တွင်ပြဋ္ဌာန်းချက်အရနည်းဥပဒေအားလုံးကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာရန်နှင့် အဆိုပါ နည်းဥပဒေအားလုံးကို (၂) နှစ်ထက်မပိုသော အချိန်ကာလအတွင်း တစ်ကြိမ်ကျထုတ်ဝေပြီး အများပြည်သူသို့ရောင်းချရမည်ဟု ပြဋ္ဌာန်းထားပါ၍ သိမ်းဆည်းမိန့်တွင် ရည်ညွှန်းထားသည့် ညွှန်ကြားလွှာများမှာ အများပြည်သူသိရှိလိုက်နာရန် မဟုတ်ဘဲ ရုံးတွင်းဝန်ထမ်းများ သိရှိလိုက်နာရန် ထုတ်ပြန်ထားသော ရုံးတွင်းညွှန်ကြားလွှာများသာဖြစ်ပြီး အများပြည်သူသိရှိလိုက်နာရန် ထုတ်ပြန်ခြင်း မရှိသော ညွှန်ကြားချက်တစ်ရပ်ဖြင့် လျှောက်ထားသူကုမ္ပဏီမှ တင်သွင်းခဲ့သည့် ယာဉ် (၁၂) စီးကို အဆိုပါ ညွှန်ကြားချက်များကို ကျူးလွန်သည်ဟု စွပ်စွဲပြီး အရေးယူခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှုမရှိသည့်အပြင် တရားမျှတမှုလည်း မရှိပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) ကို ရုံးတွင်းညွှန်ကြားလွှာဖြင့် ပြင်ဆင်ဖြည့်စွက်ထုတ်ပြန်ခြင်းသည်လည်း ဥပဒေအရ လုပ်ပိုင်ခွင့်မရှိသော ပြုလုပ်မှုတစ်ရပ်ဖြစ်သည်ကို အလေးထားတင်ပြလိုပါကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ လက်အောက်ဖြစ်သည့် ကိုယ်စားလှယ်လုပ်ငန်းဌာနသည် ၎င်း၏လုပ်ငန်းအတွေ့အကြုံအရ Reshipment (သို့မဟုတ်) Re-Export လုပ်၍ရ၍သာ အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်တင်ပို့ခွင့်ပြုရန် အကြောင်းကြားခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေပုဒ်မ ၂၄ (င) တွင် အပ်နှံထားသော ကုန်စည်များကို စတင်လက်ခံထိန်းသိမ်းသည့်နေ့မှ (၂) လ ကျော်လျှင် အဆိုပါ ကုန်ပစ္စည်းများကို လေလံတင်ရောင်းချနိုင်သည်ဟု ပြဋ္ဌာန်းထားပါသဖြင့် အခင်းဖြစ် မော်တော်ယာဉ် (၁၂) စီးသည် ဆိပ်ကမ်းသို့ ရောက်ရှိသည့် ၂၈-၁၀-၂၀၁၈ ရက်နေ့မှ အယူခံဝင်ရောက်သည့်နေ့အထိ (၂) နှစ် ကျော်လွန်သည့်တိုင်

လေလံတင်ရောင်းချခြင်းမပြုသည်မှာ ဥပဒေနှင့် ငြိစွန်းမှုမရှိသောကြောင့်ဖြစ်ပါကြောင်း၊ လျှောက်ထားသူကုမ္ပဏီသည် တရုတ်နိုင်ငံထုတ် မော်တော်ယာဉ် (၁၂) စီးကို ရိုးသားစွာတင်သွင်းခဲ့ပြီး ကုန်ရောင်းသူနှင့် ကုန်ဝယ်သူကြား ဈေးနှုန်းညှိနှိုင်းမှု အဆင်မပြေသဖြင့် ပြန်လည်တင်ပို့ရန်အကြောင်း ပေါ်လာခြင်းသည်လည်း ဆိပ်ကမ်းသို့ရောက်ရှိပြီး (၁၀) ရက်အတွင်းဖြစ်သည့်အတွက် မရိုးမသားတင်သွင်းသည်ဟု မဆိုနိုင်ပါကြောင်း၊ ပြန်လည်တင်ပို့ခွင့်ကိစ္စနှင့်စပ်လျဉ်း၍ ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနအကြား နားလည်မှုလွဲမှားကြသဖြင့် လျှောက်ထားသူ၏ကုမ္ပဏီသည် ဓားစားခံသက်သက်ဖြစ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနက နမူနာထုတ်ပေးသည့် ပို့ကုန်လိုင်စင်အရဆိုပါမူ ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်လိုင်စင် တမင်မထုတ်ပေးခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါကြောင်းနှင့် တစ်ဖက်ကုန်ပို့နိုင်ငံသို့ ပြန်လည်တင်ပို့ခွင့်မရရှိဘဲ ယာဉ် (၁၂) စီးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံလိုက်ရခြင်းသည် ဥပဒေပါ အခွင့်အရေးကို ဆုံးရှုံးခဲ့ရခြင်းဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆ တွင် **"နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်"** ဟုလည်းကောင်း၊ ပုဒ်မ ၃၇၁ တွင် **"နိုင်ငံတော်သည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန် ကူညီမည်"** ဟုလည်းကောင်း အာမခံထားပါသဖြင့် တင်သွင်းမှု တရားဝင်ပါလျက် ပြန်လည်တင်ပို့ရာတွင် အစိုးရဌာနအချင်းချင်း အချေအတင် ပခုံးလွှဲပြောင်းပုတ်ခတ်နေကြသည့်အတွက် တင်သွင်းသူ၏ နစ်နာမှုအပေါ် ထောက်ရှု၍ နစ်နာမှုအား ကုစားပေးသင့်ပါကြောင်း တင်ပြထားပါသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးစီးအရာရှိ၊ ဦးပိုင်သူမိုးအောင် က ချေပလျှောက်လဲရာ၌ THREE STAR POWER Co., Ltd မှ တင်သွင်းလာပြီး (၂၈-၁၀-၂၀၁၈) ရက်နေ့တွင် AWPT ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် B/N FOTON LIGHT TRUCK (12) Units အား ပြန်လည်တင်ပို့ရန် Reshipment လုပ်ငန်းစဉ်အတိုင်း အဆင့်ဆင့်လျှောက်ထားခဲ့သော်လည်း ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသည့် Export Licence မရရှိခဲ့သဖြင့် ပြန်လည်တင်ပို့နိုင်မှုမရှိခြင်း၊ အဆိုပါ B/N FOTON LIGHT TRUCK (12) Units တင်သွင်းလာခြင်းအတွက် ကြေညာထားသည့် (ID.No) 100112617250 (12-7-2019) အရ သွင်းကုန်ကြေညာလွှာမှာ VPA (၂) ရက်မှ (၁၉) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းဖြစ်သဖြင့် အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) နှင့် (၃/၂၀၁၈) တို့ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ မည်သည့်အတွက် အရေးမယူထိုက်ကြောင်း ထုချေလွှာတင်သွင်းဖြေရှင်းရန် ပိုင်ရှင်ဖြစ်သူထံ အကြောင်းကြားခဲ့သော်လည်း ပိုင်ရှင်ဖြစ်သူမှ ထုချေလွှာတင်သွင်းမှုမရှိခြင်းတို့ကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်ပြီး တင်သွင်းလာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနက ၁၆-၈-၂၀၁၇ ရက်စွဲပါ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) သည် ဌာနမှ ထုတ်ပြန်ထားသည့် ၂၅-၁-၂၀၁၇ ရက်စွဲပါ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၂/၂၀၁၇) နောက်ဆက်တွဲဇယား အမှတ်စဉ် (၁၄) အား ပြင်ဆင်ဖြည့်စွက်ခြင်းဖြစ်ပြီး၊ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းထားသည်မှာ Valid for Prior Arrival (VPA) လိုင်စင်/ပါမစ် ခွင့်ပြုချက်မရမီ ကုန်ပစ္စည်းရောက်ရှိခြင်းနှင့်ပတ်သက်၍ ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များသည် (VPA) (1) day to (3) days ဖြစ်လျှင် ကင်းလွတ်၊ VPA (4) days to (7) days ဖြစ်လျှင်

ဒဏ်ငွေ $\frac{1}{4}$ AV၊ VPA (8) days နှင့်အထက်ဖြစ်လျှင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်ဟု ပြဋ္ဌာန်းထားပါသဖြင့်၊ THREE STAR POWER Co., Ltd မှ တင်သွင်းလာသည့် B/N FOTON LIGHT TRUCK (၁၂) စီးအနက် (၃၀-၈-၂၀၁၈)၊ (၆-၉-၂၀၁၈) နှင့် (၃၀-၁၀-၂၀၁၈) ရက်စွဲပါ သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းသည့် ယာဉ် (၃) စီးသည် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သော်လည်း ကျန် (၉) စီးမှာ (VPA) (၈) ရက်နှင့်အထက်ဖြစ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနက ၅-၄-၂၀၁၈ ရက်စွဲပါ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၃/၂၀၁၈) တွင် သွင်းကုန်လိုင်စင်ကုန်ဆုံးပြီးမှ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းအတွက် မော်တော်ယာဉ်များ ရှင်းလင်းထုတ်ယူမှုအား အရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည်မှာ **"ပြည်ပမှ တင်သွင်းလာသောမော်တော်ယာဉ်များ သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးမှ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းအတွက် (1) day to (7) days ဖြစ်လျှင် ကင်းလွတ်၊ (8) days to (30) days ဖြစ်လျှင် 1/90 AV၊ (31) days to (45) days ဖြစ်လျှင် 1/24 AV၊ (46) days to (60) days ဖြစ်လျှင် 1/12 AV၊ (61) ရက်နှင့်အထက်ဖြစ်လျှင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်"** ဟု ပြဋ္ဌာန်းထားပါ၍ အဆိုပါ ကုမ္ပဏီမှတင်သွင်းလာသည့် B/N FOTON LIGHT TRUCK (၁၂) စီးသည် သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းဖြစ်သဖြင့် သတ်မှတ်ထားသည့် (၆၁) ရက်နှင့် အထက်ဖြစ်သောကြောင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရခြင်းဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၁) တွင်လည်း **"မည်သူမဆို ဤအက်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်ပျက်ကွက်လျှင်"** ပြစ်ဒဏ်အနေဖြင့် **"အဆိုပါ ပျက်ကွက်မှုတွင် ပါဝင်ပတ်သက်သည့် ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်"** ဟု ပြဋ္ဌာန်းထားသောကြောင့် မော်တော်ယာဉ် တင်သွင်းခြင်းနှင့်ပတ်သက်၍ တင်သွင်းသူများသည် တရားဝင်တင်သွင်းသည်မှာ မှန်ကန်သော်လည်း နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ တင်သွင်းရမည်သာ ဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) တွင် **"ဤအက်ဥပဒေ အခန်း (၄) အရ တားမြစ်ထားဆဲဖြစ်သည့် သို့မဟုတ် စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ချက် သို့မဟုတ် စည်းကမ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တင်သွင်းလျှင်"** ဟု ဖွင့်ဆိုထားပြီး အဆိုပါပြစ်မှုအတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉ တို့ကို ရည်ညွှန်းထားပါသဖြင့် ချမှတ်ရမည့်ပြစ်ဒဏ်မှာ **"အဆိုပါကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံထိုက်စေရမည်"** ဟု ဖော်ပြထားပါ၍ THREE STAR POWER Co., Ltd မှ တင်သွင်းလာသည့် B/N FOTON LIGHT TRUCK (၁၂) စီးသည် VPA (၂) ရက်မှ (၁၉) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းဖြစ်သောကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ THREE STAR POWER Co., Ltd မှ တင်သွင်းလာသည့် B/N FOTON LIGHT TRUCK (၁၂) စီးသည် ၂၈-၁၀-၂၀၁၈ ရက်နေ့တွင် AWPT ဆိပ်ကမ်းသို့ ရောက်ရှိလာပြီး ကုန်တင်ပို့သူ (Shipper) နှင့် ကုန်ပစ္စည်းတင်သွင်းသူ (Consignee) တို့အကြား ငွေပေးချေမှုအဆင်မပြေသဖြင့် ပြန်လည်တင်ပို့ရန် Reshipment ဆောင်ရွက်လိုကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနက အကောက်ခွန်ဦးစီးဌာနသို့ ညှိနှိုင်းအကြောင်း ကြားချက်အရ Reshipment လျှောက်ထားရန် ပစ္စည်းများအား AWPT ဆိပ်ကမ်းတွင် ဘုတ်အဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းလာသည့် B/N FOTON LIGHT TRUCK (၁၂) စီးအတွက် သွင်းကုန် ကြေညာလွှာ (ID) ဖွင့်လှစ်ထားခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိရပြီး၊ တင်သွင်းလာသည့်ယာဉ် (၁၂) စီးမှာ

သွင်းကုန်လိုင်စင်လိုအပ်သောကြောင့် Reshipment ပြန်လည်ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းစဉ်အရ ပို့ကုန်လိုင်စင်ရရှိရန် ကုန်သွယ်ရေးဦးစီးဌာနသို့ လျှောက်ထားခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ရန် လိုအပ်သည်ဟု ညွှန်ကြားသဖြင့် သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ပေးခဲ့ပြီး ကုန်သွယ်ရေးဦးစီးဌာနသို့ ပြန်လည်ပေးပို့တင်ပြ၍ Reshipment ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားသော်လည်း ကုန်သွယ်ရေး ဦးစီးဌာနမှ ထုတ်ပေးသည့် ပို့ကုန်လိုင်စင် (Export Lincence) မရရှိသဖြင့် ပြန်လည်တင်ပို့မှု Reshipment ဆောင်ရွက်၍ မရခြင်းဖြစ်ပါကြောင်း၊ THREE STAR POWER Co., Ltd မှ တင်သွင်းလာသော B/N FOTON LIGHT TRUCK (12) Units၊ ခန့်မှန်းတန်ဖိုး ကျပ် (၉၄,၇၃၀,၆၈၈/-) သည် သွင်းကုန်ကြေညာလွှာ (ID. No) 100112617250 (12-7-2019) ဖြင့် ကြေညာလွှာတင်သွင်းရာတွင် VPA (၂) ရက်မှ (၁၉) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာသွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်း၊ အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာ အမှတ် (၁၃/၂၀၁၇) နှင့် (၃/၂၀၁၈) ပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ချိုးဖောက်ခဲ့ခြင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားပါသောကြောင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း အရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်ပါ၍ ညွှန်ကြားရေးမှူး (ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ)၊ အကောက်ခွန် ဦးစီးဌာန၏ အမိန့်ကိုအတည်ပြုပြီး အယူခံလွှာကို **"ပလပ်"** ပေးနိုင်ပါရန် တင်ပြထားပါသည်။

အခွန်အယူခံခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်၊ ချေပတင်ပြချက်များကို ၂၉-၆-၂၀၂၁ ရက်နေ့တွင် ရုံးထိုင်ကြားနာစစ်ဆေးခဲ့ပြီးဖြစ်သည့်အပြင် လျှောက်ထား ခံရသူက ချေလွှာနှင့်အတူ ပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းခြင်းဆိုင်ရာ အမှုတွဲပါ စာတမ်းအမှတ် အသားများ၊ သက်သေခံချက်များကို အသေးစိတ်ကြည့်ရှုလေ့လာခဲ့ပါသည်။ ထိုသို့ အမှုတွဲပါ လျှောက်ထား တင်ပြချက်များနှင့် အမှုတွဲပါ အထောက်အထားများ၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များကို အပြန်ပြန်အလှန်လှန် သုံးသပ်ခဲ့ရာ လျှောက်ထားသူ၏အခင်းဖြစ် Brand New Foton Light Truck ယာဉ် (၁၂) စီးမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်သွင်းကုန်ဥပဒေအရ သွင်းကုန်လိုင်စင်ခွင့်ပြုချက်ဖြင့် တင်သွင်းရမည့် ကုန်ပစ္စည်းဖြစ်ကြောင်း အငြင်းမပွားပေါ်ပေါက်သည်ကို တွေ့ရှိရပါသည်။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ကိုယ်စားလှယ်ဌာနမှ အကောက်ခွန်ဦးစီးဌာနသို့ Reshipment ဆောင်ရွက်ပေးရန် ညှိနှိုင်းချက်အရ အကောက်ခွန်ဦးစီးဌာနက AWPT ဆိပ်ကမ်းတွင် ဘုတ်အဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်ယာဉ် (၁၂) စီးမှာ Bill of Lading (B/L) ပါ အချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှုရှိသော်လည်း သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ထားခြင်းမရှိသည်ကို တွေ့ရှိရခြင်း၊ အဆိုပါယာဉ် (၁၂) စီးမှာ သွင်းကုန်လိုင်စင်လိုအပ်သော ပစ္စည်းများဖြစ်ခြင်းကြောင့် Reshipment ပြန်လည်တင်ပို့မှုဆောင်ရွက်ရာတွင်လည်း လုပ်ငန်းစဉ်အရ ပို့ကုန်လိုင်စင် လိုအပ်မည်ဖြစ်ပါသဖြင့် Reshipment အတွက် ပို့ကုန်လိုင်စင် (Export Licence) ရရှိရန် ကုန်သွယ်ရေးဦးစီးဌာနသို့ ပို့ကုန်လိုင်စင်လျှောက်ထားသည့်အခါ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ရန် ညွှန်ကြားမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်လိုင်စင် (Export Licence) မရရှိသဖြင့် ပြန်လည်တင်ပို့မှု Reshipment ဆောင်ရွက်၍ မရခဲ့ပါကြောင်း၊ သို့ဖြစ်ရာ အခင်းဖြစ်ယာဉ် (၁၂) စီး တင်သွင်းလာခြင်းအတွက် ကြေညာထားသည့် (ID.No) 100112617250 (12-7-2019) အရ သွင်းကုန်ကြေညာလွှာမှာ (VPA) (၂) ရက်မှ (၁၉) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်

ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းတို့ကြောင့် အကောက်ခွန်ဦးစီးဌာန၏ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၃/၂၀၁၇) နှင့် (၃/၂၀၁၈) တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရခြင်း၊ အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ မည်သည့်အတွက် အရေးမယူထိုက်ကြောင်း ထုချေလွှာတင်သွင်းဖြေရှင်းရန် ပိုင်ရှင်ဖြစ်သူထံ အကြောင်းကြားခဲ့သော်လည်း ပိုင်ရှင်ဖြစ်သူမှ ထုချေလွှာတင်သွင်းမှုမရှိခြင်းတို့သည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း(၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်ရာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် တရားဝင်တင်သွင်းသည်မှာမှန်သော်လည်း ချမှတ်ထားသော မူဝါဒ၊ဥပဒေ၊စည်းမျဉ်းစည်းကမ်းနှင့်အညီ တင်သွင်းရမည်ဖြစ်ပြီး ကန့်သတ်၊ တားမြစ်ချက်များကို ဖောက်ဖျက်၍ တင်သွင်းလာပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၁) တွင်လည်း **"မည်သူမဆို ဤအက်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် ပျက်ကွက်လျှင်"** ဟု ပြဋ္ဌာန်းထားပြီး ပြစ်ဒဏ်အနေဖြင့် **"အဆိုပါ ပျက်ကွက်မှုတွင် ပါဝင်ပတ်သက်သည့် ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်"** ဟုလည်းကောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) တွင် ပြဋ္ဌာန်းထားသည်မှာ **"ဤအက်ဥပဒေ အခန်း (၄) အရ တားမြစ်ထားဆဲဖြစ်သည့် သို့မဟုတ် စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ချက် သို့မဟုတ် စည်းကမ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တင်သွင်းလျှင်"** ဟု ဖွင့်ဆိုထားပြီး အဆိုပါပြစ်မှုအတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့အား ရည်ညွှန်းထားပြီး ချမှတ်ရမည့်ပြစ်ဒဏ်မှာ **"အဆိုပါကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံထိုက်စေရမည်"** ဟုဖော်ပြထားသဖြင့် လျှောက်ထားသူကုမ္ပဏီက တင်သွင်းလာသည့် အခင်းဖြစ်မော်တော်ယာဉ် (၁၂) စီးသည် VPA (၂) ရက်မှ (၁၉) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းဖြစ်သောကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရခြင်းဖြစ်ပါသည်။ အမှုတွင် ကုမ္ပဏီ၏ကိုယ်စားလှယ် ဦးအောင်ခိုင်က တင်သွင်းလာသော ယာဉ်များနှင့်စပ်လျဉ်း၍ လိုင်စင် (၉) စောင်မှာ (VPA) (၇) ရက်ကျော်လွန်နေကြောင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းမှာ ရက်ပေါင်း (၁၅၀) ခန့်ကျော်လွန်ပြီးမှ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခဲ့မှုနှင့်ပတ်သက်၍ မိမိတို့ကုမ္ပဏီက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း၊ အကောက်ခွန်အရာရှိရှေ့မှောက်တွင် ဝန်ခံကတိ လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရသောကြောင့် အခင်းဖြစ်ယာဉ်များအား စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်ဖြစ်ကြောင်း သိရှိပါလျက် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း သုံးသပ်ရပါသည်။ အယူခံလျှောက်ထားသူ THREE STAR POWER Co., Ltd မှ တင်သွင်းလာသော B/N FOTON LINGT TRUCK (12) Units ခန့်မှန်းတန်ဖိုး ကျပ် (၉၄,၇၃၀,၆၈၈/-) သည် သွင်းကုန်ကြေညာလွှာ (ID.No) 100112617250 (12-7-2019) ဖြင့် ကြေညာလွှာတင်သွင်းရာတွင် VPA (၂) ရက်မှ (၁၉) ရက်အတွင်း ကျော်လွန်နေခြင်းနှင့် သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် (၁၄၇) ရက်မှ (၂၂၅) ရက်အတွင်း ကြာမြင့်ပြီးမှသာ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်ခြင်းတို့သည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်

ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်ကွဲလွဲ၍ ဆောင်ရွက်ထားသည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်–

**အမိန့်**

ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာနက ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၃ ရက်စွဲပါ အမိန့်စာအမှတ် ၁– ရာ /(AWPT) ၂၀၂၀ (၁၇) ဖြင့် ချမှတ်ခဲ့သော အမိန့်ကို အတည်ပြုလျက် ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဦးကျော်ကျော် | ဦးဝင်းနိုင် | ဦးကြည် |
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

### ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၃–က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၁ ဖြင့် ဖွဲ့စည်းပေးခဲ့သော **ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

**ရှမ်းပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်နယ်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်နယ်မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ပြည်နယ်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်နယ်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်နယ်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်နယ်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်နယ်ရုံးခွဲတာဝန်ခံ<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ပြည်နယ်ဦးစီးဌာနမှူး<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဦးစိုင်းဝင်းမောင်<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၅) | ဦးစိုင်းရှဲန်တစ်<br>တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၆) | ဦးမောင်မောင်မြင့်<br>အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၇) | ဦးသောင်းမြင့်<br>သင့်လျော်သည့် ပညာရှင် | အဖွဲ့ဝင် |
| (၁၈) | ပြည်နယ်ဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

၂။ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်၊

( ခ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( ဂ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထက် လျှောက်ထားသည့် ကိစ္စရပ်နှင့် မွေးမြူရေးလုပ်ငန်းတွင် ဧက ၅၀ အထက် လျှောက်ထားသည့် ကိစ္စရပ်များအတွက် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

( င ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်အရ ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း၊

( စ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း ကုန်လွန်သွားသည့် အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့်ကာလ တိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလ မကုန်ဆုံးမီတင်ပြလာပါက ကွင်းဆင်းစိစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဆ) ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့် ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

( ဇ ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှုအခြေအနေကို ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစစ်ဆေးတင်ပြခြင်း၊

(ဈ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေးပေးသွင်းခြင်းနှင့် အာမခံကြေး ပြန်လည်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန်စည်းကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဋ ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဌ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၁)

## ရှေ့ဝတီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၁ ဖြင့် ဖွဲ့စည်းပေးခဲ့သော **ရှေ့ဝတီ**

**တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

**ရောဝတီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး (၁) ဦး | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးမန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီးရုံးခွဲတာဝန်ခံ<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဦးထွန်းအောင်ကျော်<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၅) | ဦးလှဦး<br>တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၆) | ဦးဝင်းမြင့်လှိုင်<br>အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |

(၁၇) ဦးကြည်သိန်း — အဖွဲ့ဝင်
သင့်လျော်သည့် ပညာရှင်

(၁၈) ဦးဌေးရီ — အဖွဲ့ဝင်
သင့်လျော်သည့် ပညာရှင်

(၁၉) တိုင်းဒေသကြီးဦးစီးဌာနမှူး — အတွင်းရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

၂။ တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထက် လျှောက်ထားသည့်ကိစ္စရပ်နှင့် မွေးမြူရေးလုပ်ငန်းတွင် ဧက ၅၀ အထက် လျှောက်ထားသည့် ကိစ္စရပ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်အရ ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း၊

(စ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့်ကာလ တိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလ မကုန်ဆုံးမီတင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဆ) ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့်ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်းမရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

(ဇ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှုအခြေအနေကို ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်း စစ်ဆေးတင်ပြခြင်း၊

(ဈ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေးပေးသွင်းခြင်းနှင့် အာမခံကြေး ပြန်လည်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန်စည်းကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဋ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဌ) မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်ထွဋ်ဦး
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

## တင်ဒါကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)၊ ဝန်ကြီးရုံး၏ ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရုံးသုံးပရိဘောဂ၊ စက်နှင့် စက်ကိရိယာပစ္စည်းများ ဝယ်ယူရာတွင် အရည်အသွေးပြည့်မီသော ပစ္စည်းများရရှိရေး နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် (၁/၂၀၁၇) နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးပုညဝင်းအောင် | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးစိုးသူ | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (၃) | ဒေါ်အေးတိုးထွန်း | ဦးစီးအရာရှိ | အတွင်းရေးမှူး |

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးနေဝင်းကို | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးရဲကျော်တေဇ | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဦးခိုင်မင်းထွန်း | ဦးစီးအရာရှိ | အတွင်းရေးမှူး |

(ဂ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်ချိုအေး | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးကိုကိုဦး | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဦးဝင်းဇော်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၂။ **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက်စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်းစသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(ဂ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်း အမျိုးအစား အလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီ သို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(င) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(စ) တင်ဒါကော်မတီကပေးအပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများစိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ နှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(င) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများ အလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဆ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များကိုဆောင်ရွက်ခြင်း။

၄။ **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(င) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့်ခုနှစ်၊ ထုတ်လုပ်သည့်ကုမ္ပဏီများအပေါ် အခြေခံ၍စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီကပေးအပ်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၅။ ယခင်ဖွဲ့စည်းခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၀၁၇/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၀၂၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

| ၉၂၀ | ဦးဌေးလွင်<br>ဒုတိယပါမောက္ခ<br>ဆေးပညာဌာန<br>တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့ | ပါမောက္ခ/ ဌာနမှူး<br>ဆေးပညာဌာန<br>တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့ |

**မှတ်ချက်။** ရာထူးတိုးမြှင့်ခြင်းခံရသည့် အရာထမ်းများသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအောက်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်အတွင်း တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင် ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဗဟိုတင်ဒါကော်မတီအား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

**ဗဟိုတင်ဒါကော်မတီ**

| | | | |
|---|---|---|---|
| (၁) | (က) | ဒုတိယဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| | (ခ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| | (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| | (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်(၂)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| | (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်(၃)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |

(စ) ဒုတိယအမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
ဝန်ကြီးရုံး

(ဆ) လက်ထောက်အတွင်းဝန် တွဲဖက်အတွင်းရေးမှူး
ဝန်ကြီးရုံး(ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ)

ဗဟိုတင်ဒါကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၂) (က) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ကြီးကြပ်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်မှုအား ကြီးကြပ်ခြင်း၊

(ဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်မှုအား ကြီးကြပ်ခြင်း။

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်မှုအား ကြီးကြပ်ခြင်း၊

(င) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်းအတွက် ကြီးကြပ်ခြင်း၊

(စ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်းအား ကြီးကြပ်ခြင်း၊

(ဆ) ''ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ'' များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ဇ) ''တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ'' များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ဈ) ''အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ'' များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ည) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါ အာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်းအား ကြီးကြပ်ခြင်း၊

(ဋ) တင်ဒါအောင်မြင်သူအား ကြေညာခြင်းအတွက် ကြီးကြပ်ခြင်း၊

(ဌ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်းအား ကြီးကြပ်ခြင်း၊

(ဍ) အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဆောင်ရွက်မည့် တည်ဆောက်ရေး၊ ဝယ်ယူရေး၊ ငှားရမ်းရေးနှင့်ပတ်သက်သည့် တင်ဒါကိစ္စရပ်များအား သက်ဆိုင်ရာ တင်ဒါကော်မတီဥက္ကဋ္ဌ၏ သဘောတူညီမှုပါရှိခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဎ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်းအား ကြီးကြပ်ခြင်း၊

(ဏ) ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း ရှိ မရှိ စိစစ်ခြင်း၊ သုံးသပ်အကြံပြုခြင်း ဆောင်ရွက်ပါရန်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၁)

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအောက်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြိုးကြပ်ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည်-

**တင်ဒါကော်မတီ**

၁။ (က) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
အားကစားနှင့် ကာယပညာဦးစီးဌာန

(ခ) ဒုတိယအမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဝန်ကြီးရုံး

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူးချုပ်(၃) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(င) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
ဝန်ကြီးရုံး(ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ)

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) — အတွင်းရေးမှူး
အားကစားနှင့် ကာယပညာဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာဌာနခွဲ) — တွဲဖက်အတွင်းရေးမှူး
အားကစားနှင့် ကာယပညာဦးစီးဌာန

တင်ဒါကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂။ (က) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂ) ဝယ်ယူမည့် ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(ဃ) တင်ဒါတွင် ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှု အစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(င) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူး တာဝန်ပေးအပ်ခြင်း၊

(စ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့်နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း၊

(ဆ) ''တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ'' ကို တာဝန်ပေးအပ်ခြင်း၊

(ဇ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဈ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ည) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

**ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| ၃။ | (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်(၂)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | ဥက္ကဋ္ဌ |
| | (ခ) | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာဌာနခွဲ)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| | (ဂ) | ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| | (ဃ) | ဒုတိယညွှန်ကြားရေးမှူး (ကွင်း/ရုံဌာနခွဲ)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| | (င) | လက်ထောက်ညွှန်ကြားရေးမှူး (ကွင်း/ရုံဌာနခွဲ)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| | (စ) | လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| | (ဆ) | ညွှန်ကြားရေးမှူး (ကွင်း/ရုံဌာနခွဲ)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အတွင်းရေးမှူး |

ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၄။ (က) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ အတွက် ကြမ်းခင်းဈေးနှုန်းများကို တွက်ချက်ပြီး ''တင်ဒါကော်မတီ'' သို့ တင်ပြခြင်း၊

(ခ) တင်ဒါတင်သွင်းသော တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် ဈေးနှုန်းသင့်တင့်မှု ရှိ မရှိ တွက်ချက်စိစစ်၍ တင်ဒါကော်မတီသို့ သုံးသပ်အကြံပြုတင်ပြခြင်း။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

၅။ (က) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
အားကစားနှင့် ကာယပညာဦးစီးဌာန

(ခ) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
ဝန်ကြီးရုံး(အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ)

(ဂ) ညွှန်ကြားရေးမှူး(ယှဉ်/လေ့-၁ ဌာနခွဲ) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး(ယှဉ်/လေ့-၂ ဌာနခွဲ) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(င) ညွှန်ကြားရေးမှူး (ကွင်း/ရုံဌာနခွဲ) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(စ) ညွှန်ကြားရေးမှူး (ဆေးဘက်ဌာနခွဲ) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ဆ) လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ဇ) လက်ထောက်ညွှန်ကြားရေးမှူး (ဖြည့်/ဝယ်) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာဌာနခွဲ) — အတွင်းရေးမှူး
အားကစားနှင့် ကာယပညာဦးစီးဌာန

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၆။ (က) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

**အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

၇။ (က) ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) — ဥက္ကဋ္ဌ
အားကစားနှင့် ကာယပညာဦးစီးဌာန

(ခ) ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် (၃) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာဌာနခွဲ) — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန

| | | |
|---|---|---|
| (င) | ညွှန်ကြားရေးမှူး (ယှဉ်/လေ့-၂ ဌာနခွဲ) အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး (ကွင်း/ရုံဌာနခွဲ) အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး (ဆေးဘက်ဌာနခွဲ) အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | လက်ထောက်ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | လက်ထောက်ညွှန်ကြားရေးမှူး (ဖြည့်/ဝယ်) အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူး (ကွင်း/ရုံဌာနခွဲ) အားကစားနှင့် ကာယပညာဦးစီးဌာန | အတွင်းရေးမှူး |

အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၈။ (က) အရည်အသွေး စိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

၉။ အားကစားနှင့်ကာယပညာဦးစီးဌာန တင်ဒါကော်မတီသည် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့တွင် လိုအပ်သော အဖွဲ့ဝင်များကို ထပ်မံတိုးချဲ့ဖွဲ့စည်းနိုင်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးကျော်ဆန်း အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတွင် ဒုတိယအမြဲတမ်းအတွင်းဝန်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၁)

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစိုးအောင် အား အားကစားနှင့် ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ရာထူးတိုးမြှင့်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေလိုက်သည်။

ဦးမင်းသိန်းဇံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆ/၂၈၈၅ ညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင် သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားခဲ့ခြင်းအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၄/၂၀၂၁) ၏ ဆုံးဖြတ်ချက်၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင် အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ခံစားစေပြီး ခွင့်ရက်ကုန်ဆုံးသည့် နောက်တစ်ရက်ဖြစ်သော ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ပြည်သူလူထုသို့ အသိပေးရန် လိုအပ်သည့်အခါတွင်လည်းကောင်း၊ သတင်းထုတ်ပြန်ရန်လိုအပ်သည့်အခါတွင်လည်းကောင်း၊ ပြည်တွင်း

ပြည်ပ သတင်းဌာနများ၊ အဖွဲ့အစည်းများမှ မေးမြန်းလာသည့်ကိစ္စများအားလည်းကောင်း ရှင်းလင်းပြောကြားနိုင်ရန်အတွက် **ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) ဦးအောင်မြင့်ဦး — အဖွဲ့ခေါင်းဆောင်
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး
(ဖုန်း–၀၉-၉၆၃၁၈၅၀၀၀၊ ၀၆၇-၃၄၀၇၀၇၃)

(ခ) ဦးရဲမင်းဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန
(ဖုန်း–၀၉၂၅၃၇၀၀၀၀၇၊ ၀၆၇-၃၄၀၇၈၆၈)

(ဂ) ဦးလှထွန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လမ်းဦးစီးဌာန
(ဖုန်း–၀၉၅၀၂၀၁၅၄၊ ၀၆၇-၃၄၀၇၇၈၉)

(ဃ) ဦးနေအောင်ရဲမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
တံတားဦးစီးဌာန
(ဖုန်း–၀၉၅၁၁၂၈၀၇၊ ၀၆၇-၃၄၀၇၀၆၉)

(င) ဒေါ်မီမီတင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(ဖုန်း–၀၉၄၂၀၇၀၇၂၉၂၊ ၀၆၇-၃၄၀၇၃၁၀)

(စ) ဦးဝဏ္ဏဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
(ဖုန်း–၀၉၂၃၀၀၄၂၈၊ ၀၆၇-၃၄၀၇၈၃၃)

(ဆ) ဦးဝင်းမင်းထွဋ် — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး
(ဖုန်း–၀၉၄၄၄၀၀၀၉၂၉၊ ၀၆၇-၃၄၀၇၀၆၄)

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရန် လိုအပ်သည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးခြင်း၊

(ခ) ဖြစ်ပေါ်နေသည့်အခြေအနေများပေါ် မူတည်သုံးသပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြိုတင်ဆောင်ရွက်သင့်သည့် သတင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်း ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှ မေးမြန်းလာသည့်ကိစ္စများအား ဖြေကြားခြင်း၊

(ဃ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစုဆောင်း ထုတ်ပြန်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအဖွဲ့အစည်းများမှ အထောက်အကူ ပေးနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၃၃၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) အရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ ကိုယ်စားလှယ်နေရာတွင် လစ်လပ်လျက်ရှိသောကောင်စီဝင်နေရာ၌ တပ်မတော်နည်းပညာတက္ကသိုလ်၊ ခေတ္တပါမောက္ခချုပ်၊ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာမြင့်ဝင်း (PE–0991) အား အစားထိုး ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၄၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကျုံပျော်–အင်းမ–သုံးခွ မူလလမ်းအရှည် ၁၄ မိုင် ၆ ဖာလုံမှ ရွာသစ်ကုန်း–အင်းမ– သပြေကွင်းလမ်း ၄ မိုင် ၄ ဖာလုံအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်သဖြင့် အဆိုပါ လမ်းပိုင်းအား လမ်းဦးစီးဌာနပိုင် လမ်းအဖြစ်မှ နုတ်ပယ်လိုက်သည်။

၂။ ကျုံပျော်–အင်းမ– သုံးခွလမ်းမှ ကျန်ရှိသည့် လမ်းအရှည် ၁၀ မိုင် ၂ ဖာလုံကို ရွာသစ်ကုန်း– သပြေကွင်းလမ်း ၁ မိုင် ၇ ဖာလုံနှင့် တစ်ဆက်တစ်စပ်တည်းပေါင်း၍ ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ လမ်းဦးစီးဌာနပိုင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ခရိုင်/မြို့နယ်များ ဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် အောက်ဖော်ပြပါအတိုင်း သတ်မှတ် ကြေညာလိုက်သည်–

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | – | သုံးခွ–ကျုံပျော်လမ်း |
| (ခ) | လမ်းမကြီးအရှည် | – | ၁၂ မိုင် ၁ ဖာလုံ သို့မဟုတ် ၁၉.၅၁၃ ကီလိုမီတာ |
| (ဂ) | လမ်းစတင်သည့်နေရာ | – | ၀/၀ မိုင် သို့မဟုတ် ၀ ကီလိုမီတာ သုံးခွကျေးရွာ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | – | ၁၂ မိုင် ၁ ဖာလုံ သို့မဟုတ် ၁၉.၅၁၃ ကီလိုမီတာ အင်းရဲလမ်းဆုံ၊ ကျုံပျော်မြို့ |
| (င) | လမ်းအဆင့်အတန်း | – | ခရိုင်/မြို့နယ်များဆက်သွယ်သည့်လမ်း |
| (စ) | လမ်းနယ်နိမိတ် | – | ၁၅၀ ပေ |

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းအရှည် စုစုပေါင်းကို ၁၈၈၂ မိုင် ၁ ဖာလုံ ၁၅၉ ပေ သို့မဟုတ် ၃၀၂၉.၀၃၅ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၄၃/၂၀၂၁)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လွှဲပြောင်းပေးအပ်သော ပုသိမ်တံတားအမှတ် (၂) အခြေမှ ရွှေစေတနာတံတားအထိ အရှည် ၇ ဖာလုံ ၁၃၂ ပေ လမ်းပိုင်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လွှဲပြောင်းပေးအပ်သော ရွှေစေတနာတံတားမှ သံပတ်ကုန်းရွာ အထိ အရှည် ၁ မိုင် ၅ ဖာလုံ ၅၂၈ ပေ လမ်းပိုင်းတို့ကို တစ်ဆက်တစ်စပ်တည်း ပေါင်းစပ်၍ ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ လမ်းဦးစီးဌာနပိုင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြို့နယ်/ ကျေးရွာများဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် အောက်ဖော်ပြပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်-

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | - | ပုသိမ်-စိန်ကုန်း- သံပတ်ကုန်းလမ်း |
| (ခ) | လမ်းမကြီးအရှည် | - | ၂ မိုင် ၅ ဖာလုံ သို့မဟုတ် ၄.၂၂၅ ကီလိုမီတာ |
| (ဂ) | လမ်းစတင်သည့်နေရာ | - | ဝ/ဝ မိုင် သို့မဟုတ် ဝ ကီလိုမီတာ စိန်ကုန်းရပ်ကွက်၊ ပုသိမ်တံတားအမှတ် (၂) အခြေ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - | ၂ မိုင် ၅ ဖာလုံ သို့မဟုတ် ၄.၂၂၅ ကီလိုမီတာ သံပတ်ကုန်းရွာ (ပုသိမ်ငွေဆောင်လမ်း မိုင်တိုင်အမှတ် ၁/၆) |
| (င) | လမ်းအဆင့်အတန်း | - | မြို့နယ်/ကျေးရွာများဆက်သွယ်သည့်လမ်း |
| (စ) | လမ်းနယ်နိမိတ် | - | ၁၀၀ ပေ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းအရှည် စုစုပေါင်းကို ၁၈၈၄ မိုင် ၆ ဖာလုံ ၁၅၉ ပေ သို့မဟုတ် ၃၀၃၃.၂၆၀ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၄၄/၂၀၂၁)

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကြံခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လွှဲပြောင်းပေးအပ်သော ဗိုလ်ချုပ်ကြေးရုပ်မှ သမ္ဗရာအင်းလေးရွာအထိ အရှည် ၁ မိုင် ၁ ဖာလုံ လမ်းပိုင်းကို လမ်းဦးစီးဌာနပိုင် ကြံခင်း-ဆိပ်သာ-အကောက်တောင်လမ်း အရှည် ၁၇ မိုင် ၆ ဖာလုံနှင့် တစ်ဆက်တစ်စပ်တည်း ပေါင်းစပ်၍ ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ လမ်းဦးစီးဌာနပိုင်

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြို့နယ်/ကျေးရွာများဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် အောက်ဖော်ပြပါအတိုင်း သတ်မှတ်ကြေညာလိုက်သည်–

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | – | ကြံခင်း–ဆိပ်သာ–အကောက်တောင်လမ်း |
| (ခ) | လမ်းမကြီးအရှည် | – | ၁၈ မိုင် ၇ ဖာလုံ သို့မဟုတ်<br>၃၀.၃၇၆ ကီလိုမီတာ |
| (ဂ) | လမ်းစတင်သည့်နေရာ | – | ၀/၀ မိုင် သို့မဟုတ် ၀ ကီလိုမီတာ<br>မြို့တွင်းအပိုင်း (ဗိုလ်ချုပ်ကြေးရုပ်) |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | – | ၁၈ မိုင် ၇ ဖာလုံ သို့မဟုတ်<br>၃၀.၃၇၆ ကီလိုမီတာ<br>အကောက်တောင်ဘုရား (ချောင်းဝတံတား) |
| (င) | လမ်းအဆင့်အတန်း | – | မြို့နယ်/ကျေးရွာများဆက်သွယ်သည့်လမ်း |
| (စ) | လမ်းနယ်နိမိတ် | – | ၁၀၀ ပေ |

၂။　ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းအရှည် စုစုပေါင်းကို ၁၈၈၅ မိုင် ၇ ဖာလုံ ၁၅၉ ပေ သို့မဟုတ် ၃၀၃၅.၀၇၀ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

၃။　ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လအတွင်း ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ပါ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တင်ဒါကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က)　ဒုတိယဝန်ကြီး　ဥက္ကဋ္ဌ
　လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(ဋ) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး

(ဌ) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ဝန်ကြီးရုံး

(ဍ) ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(ဎ) ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဏ) ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(တ) ဒုတိယအမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

အဆိုပါကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ကျပ် ၁၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီ (၃) ခု အား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှု ရယူခြင်း၊

(ခ) ကျပ် ၁၀ သန်းမှ ကျပ်သန်း ၁၀၀ ထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှု ရယူခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ (၂) ပတ် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

(ဂ) ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း အတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လ ကြိုတင် ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာ တင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေ မဖြစ်မနေ သုံးစွဲရမည့် ကိစ္စများမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်မည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူခြင်း၊

(င) ဝယ်ယူလိုသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာ ယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

(စ) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှု ရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ဆ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဇ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ပေးခြင်း၊

(ဈ) တင်ဒါတွင်ပါဝင်မည့် အဆိုပြု ကန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ည) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာ ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(ဋ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဌ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဍ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ဎ) နမူနာတောင်းခံရန် လိုအပ်သည့် ပစ္စည်းများ ဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေး နှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဏ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည် အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

ယခင် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ပါ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၈/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၁)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့တွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လအတွင်း တည်ဆောက်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို ယခင်နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် ကြမ်းခင်းဈေးတွက်ချက်ရေး ကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေး ကော်မတီ တို့အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(၁) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | လက်ထောက်အတွင်းဝန်<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဘာသာရပ်ဆိုင်ရာအရာထမ်းကိုယ်စားလှယ် (၁) ဦး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဘာသာရပ်ဆိုင်ရာအရာထမ်းကိုယ်စားလှယ် (၁) ဦး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အတွင်းရေးမှူး |

**ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆောင်ရွက်မည့်လုပ်ငန်းနှင့် စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

( ခ ) လုပ်ငန်းတစ်ခုချင်းအလိုက် ကြမ်းခင်းဈေးနှုန်းများသတ်မှတ်၍ တင်ဒါကော်မတီသို့ စုစည်း တင်ပြခြင်း၊

( ဂ ) ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(ဃ) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၂။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | လက်ထောက်အတွင်းဝန်<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဘာသာရပ်ဆိုင်ရာ အရာထမ်းကိုယ်စားလှယ် (၁) ဦး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဘာသာရပ်ဆိုင်ရာ အရာထမ်းကိုယ်စားလှယ် (၁) ဦး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အတွင်းရေးမှူး (၁) |
| ( ဇ ) | ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အတွင်းရေးမှူး (၂) |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

( ခ ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

( ဂ ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိမရှိထည့်သွင်းစဉ်းစားခြင်း၊

( င ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

( စ ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့်အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဆ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

( ဇ ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုခြင်း၊

(ဈ) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၃။ **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| ( ဂ ) | ဒုတိယညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဘာသာရပ်ဆိုင်ရာအရာထမ်းကိုယ်စားလှယ် (၁) ဦး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဘာသာရပ်ဆိုင်ရာအရာထမ်းကိုယ်စားလှယ် (၁) ဦး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အတွင်းရေးမှူး (၁) |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အတွင်းရေးမှူး (၂) |

**အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုမ္ပဏီတွင်ပါဝင်သော Professional Engineer၊ Senior Registered Engineer နှင့် Registered Engineer အရေအတွက်နှင့် ၎င်းတို့၏လုပ်ငန်းအတွေ့အကြုံများကို စိစစ်ခြင်း၊

( ခ ) ကုမ္ပဏီ၏ စက်၊ ယာဉ်၊ ယန္တရားလက်ဝယ်ပိုင်ဆိုင်မှုအခြေအနေကို စိစစ်ခြင်း၊

( ဂ ) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှုအခြေအနေများကို စိစစ်ခြင်း၊

(ဃ) ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့သောလုပ်ငန်းအတွေ့အကြုံများနှင့် အောင်မြင်မှုများကို စိစစ်ခြင်း၊

( င ) ယခင်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများ၏ ထောက်ခံချက်၊ ကန့်ကွက်ချက်နှင့် မှတ်ချက်များ ရှိ မရှိ စိစစ်ခြင်း၊

( စ ) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်းကို စိစစ်ခြင်း။

ယခင်နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ပါ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၀/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၂၁)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့တွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆) လအတွင်း ပစ္စည်းဝယ်ယူရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို ယခင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(၁) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(က) ဒုတိယညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
လူမှုဝန်ထမ်းဦးစီးဌာန

(ခ) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ
ဝန်ကြီးရုံး

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(ဃ) ဘာသာရပ်ဆိုင်ရာ အရာထမ်းကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန

(င) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန

**ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက်စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်းစသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(ဂ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်းအမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်း၏ အရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(င) တင်ဒါဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသော ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါ ကော်မတီသို့ တင်ပြခြင်း၊

(စ) တင်ဒါကော်မတီက ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

(၂) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(က) ဒုတိယအမြဲတမ်းအတွင်းဝန် — ဥက္ကဋ္ဌ
ဝန်ကြီးရုံး

(ခ) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
ဝန်ကြီးဌာနစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ဝန်ကြီးရုံး

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(င) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(စ) ဘာသာရပ်ဆိုင်ရာ အရာထမ်းကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး (၁)
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူး — အတွင်းရေးမှူး (၂)
လူမှုဝန်ထမ်းဦးစီးဌာန

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ နှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(င) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများ အလိုက် မှတ်တမ်းပြုစုခြင်း၊

(ဆ) တင်သွင်းရန် အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့် ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

(၃) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(က) ဒုတိယညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
လူမှုဝန်ထမ်းဦးစီးဌာန

(ခ) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်
လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ဝန်ကြီးရုံး

(ဂ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
e-government ဌာနခွဲ၊ ဝန်ကြီးရုံး

(င) ဘာသာရပ်ဆိုင်ရာ အရာထမ်းကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(စ) ဘာသာရပ်ဆိုင်ရာ အရာထမ်းကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး (၁)
လူမှုဝန်ထမ်းဦးစီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူး အတွင်းရေးမှူး (၂)
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

**အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကို စိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကိုလက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(င) ပစ္စည်းအမျိုးအစား တစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့် နှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များအား ဆောင်ရွက်ခြင်း။

ယခင် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ပါ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၁၁/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာသက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၈-ခ၊ ပုဒ်မ ၄၂-က နှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု စည်းမျဉ်း အပိုဒ် ၃၅ တို့အရ ပို့ကုန်တင်ပို့သူက ပို့ကုန်ရငွေကို ပို့ကုန်တင်ပို့သည့်နေ့မှ သတ်မှတ်ကာလ အတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ထည့်သွင်း ရမည်ဖြစ်ပါသည်။

၃။ AD လိုင်စင်ရ ဘဏ်များတွင် စာရင်းဖွင့်လှစ်ထားသည့် ပို့ကုန်တင်ပို့သူများအနေဖြင့် ရရှိလာသော ပို့ကုန်ရငွေများကို ၎င်း၏ ငွေစာရင်းတွင် ထည့်သွင်း၍ ရရှိသည့်အချိန်မှ ရက်ပေါင်း (၃၀) မပြည့်မီ ကာလ အတွင်း အဆိုပါ ပို့ကုန်ရငွေကို ၎င်းကိုယ်တိုင်အတွက် သုံးစွဲခြင်း၊ AD လိုင်စင်ရဘဏ်မဟုတ်သော အခြား သူများထံသို့ ရောင်းချခြင်း၊ AD လိုင်စင်ရ ဘဏ်များသို့ ရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၄။ ပို့ကုန်တင်ပို့သူများအနေဖြင့် မိမိ၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်ပြီးဖြစ်သည့် ပို့ကုန်ရငွေအနက်မှ အသုံးမပြုဘဲ လက်ဝယ်တွင် ကျန်ရှိသည့် ပို့ကုန်ရငွေများကို ပို့ကုန်ရငွေ ဝင်ရောက်ပြီး ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာ နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း AD လိုင်စင်ရဘဏ်သို့ ဈေးကွက်ပေါက်ဈေးဖြင့် မပျက်မကွက် ရောင်းချရမည်။

၅။ AD လိုင်စင်ရဘဏ်များမဟုတ်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့သည် ၎င်းတို့ ဝယ်ယူရရှိထား သည့် ပို့ကုန်ရငွေကို ရက်ပေါင်း (၃၀) အတွင်း ကိုယ်တိုင်အတွက် သုံးစွဲခြင်း သို့မဟုတ် AD လိုင်စင်ရ ဘဏ်များသို့ ရောင်းချခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ပြီး ကျန်ရှိသော ပမာဏကို ရက်ပေါင်း (၃၀) မပြည့်မီ ကာလအတွင်း AD လိုင်စင်ရ ဘဏ်များသို့သာ ဈေးကွက်ပေါက်ဈေးဖြင့် မပျက်မကွက် ရောင်းချရမည်။ အခြားလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသို့ ထပ်ဆင့်ပြန်လည်ရောင်းချခြင်းမပြုရ။

၆။ အထက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရာတွင် ပို့ကုန်ရငွေ စတင်ဝင်ရောက်သည့် အချိန်မှစ၍ ပို့ကုန်ရငွေရရှိသူမှ တစ်ဆင့်ပြန်လည်ရောင်းချခြင်းအပါအဝင် AD လိုင်စင်ရဘဏ်သို့ အပြီးရောင်းချသည့် အချိန်ကာလ စုစုပေါင်းသည် ရက်ပေါင်း (၃၀) ထက် မကျော်လွန်ရပါ။

၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၃၃/ ၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးလိုက်သည်။

၈။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သန်းညိန်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်<br>(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

အမှတ် ၁၁၉/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ဇော်လွင် ကြည်း ၇၇၄၁၉

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အမိန့်ကြော်ငြာစာ (၂၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ လမိုင်းမြို့၊ မေ့ကနင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၀၆၉/လက်ဝဲကွင်း)၊ ဦးပိုင်အမှတ် (၃၅[က]၊ ၃၅[ခ]၊ ၃၅[ဃ]) ရှိ **မြေဧရိယာ (၂.၄၅) ဧက** အား **ကော့ဖယ်ဂရန်ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၀/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ဒက္ခိဏခရိုင်၊ဒက္ခိဏသီရိမြို့၊ဒက္ခိဏသီရိရပ်ကွက်၊မြေတိုင်း ရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ ဦးပိုင်/မြေကွက်အမှတ် (B/၇) ရှိ **မြေဧရိယာ ၃၀.၁ ဧက** အား **ထန်းတပင်တောရဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## မြန်မာ့သစ်လုပ်ငန်း

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

### ရာထူးတိုးမြှင့်ခန့်ထားခြင်း

အမှတ် ၄၀၈။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကျင်းပသည့် (၂၀/၂၀၂၁) ကြိမ်မြောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနမှ လက်ထောက်အထွေထွေ မန်နေဂျာ (သစ်ထုတ်ရေး) ဦးမင်းအောင်နိုင် အား ဒုတိယအထွေထွေမန်နေဂျာ (သစ်ထုတ်ရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် သစ်ထုတ်ရေးဌာန၊ ရုံးချုပ်တွင် ဆက်လက်တာဝန်ချထားလိုက်သည်။

သန်းစိုးဦး
အထွေထွေမန်နေဂျာ (စီမံရေး)
မြန်မာ့သစ်လုပ်ငန်း

## ကုသရေးဦးစီးဌာန

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

အမှတ် ၁၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ကုသရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းဦး အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြတ်ဝဏ္ဏစိုး
ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

IN THE MATTER OF MYANMAR COMPANIES LAW SECTION 357

**GLOBAL A & M TRADING COMPANY LIMITED**

Company Registration Number – 106330247

(In Members' Voluntary Winding–up)

NOTICE OF FINAL GENERAL MEETING

NOTICE IS HEREBY GIVEN pursuant to section 357 of Myanmar Companies Law that the Final General Meeting of Members of **Global A & M Trading Company Limited** will be convened and all the members are cordially invited to attend the Final General Meeting.

Date : 18–12–2021

Time : 10:00 am

Place : Complex 45, Tower (B), Room 606, 6th Floor 45th Street, Botahtaung Township, Yangon.

At the meeting the Liquidator's Report and Final Statement of Accounts will be presented.


Daw Nwe Yin Win

B.Com., CPA

Liquidator

Complex 45, Tower (B), Room 606, 6th Floor

45th Street, Botahtaung Township, Yangon.

**SEINN LEI THAR YAR GEMS COMPANY LIMITED**

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**SEINN LEI THAR YAR GEMS COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့ နံနက် (၁၀:၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရုံတန်-ငြိမ်းချမ်းရေးရပ်ကွက်၊ ပန်းလှိုင်လမ်း၊ ရဲတံခွန်တာဝါ၊ အခန်း (၇၀၃)၊ အမှတ် (၇) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ (၂၁၀)

B.COM, CPA

ZIN & FRIENDS AUDIT FIRM

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**AYAR MINN GEMS COMPANY LIMITED**

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**AYAR MINN GEMS COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့ နံနက် (၁၀:၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရုံတန်-ငြိမ်းချမ်းရေးရပ်ကွက်၊ ပန်းလှိုင်လမ်း၊ ရဲတံခွန်တာဝါ၊ အခန်း (၇၀၃)၊ အမှတ် (၇) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ (၂၁၀)

B.COM, CPA

ZIN & FRIENDS AUDIT FIRM

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**စထိုဟာ လီဂဲလ် ဂရု ကုမ္ပဏီလီမိတက်**

**(STROHAL LEGAL GROUP COMPANY LIMITED)**

မြန်မာကုမ္ပဏီများဥပဒေအရ

စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင် ဒါရိုက်တာအဖွဲ့ဝင်၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။　ကုမ္ပဏီကို ဒါရိုက်တာအဖွဲ့ဝင်၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။　ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

ဒေါ်ကြေးမုံထွေး
ဒါရိုက်တာ
စထိုဟာ လီဂဲလ် ဂရု ကုမ္ပဏီလီမိတက်

ရရန်ရှိသည့်ကြွေးများတောင်းခံရန်သတိပေးခြင်း (Claim Notice)

**စထိုဟာ လီဂဲလ် ဂရု ကုမ္ပဏီလီမိတက်**

**စထိုဟာ လီဂဲလ် ဂရု ကုမ္ပဏီလီမိတက်** ၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၇-၁၂-၂၀၂၁) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက် ကုမ္ပဏီ လီမိတက်
အမှတ် -၆၃၅(အေ-၁)၊ အခန်း (အေ-၃/ဘီ-၃)
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၇၉၂၂၃၃၁၅၉၊ ၀၁ ၂၃၀၄၃၄၉

**Northern Tiger Trading Company Limited**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ-၃၅၇ (အေ) အရ ကြေညာစာ

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက် နံနက် (၉:၀၀) နာရီအချိန်တွင် အမှတ် – ၂၀/အေ၊ သီရိမင်္ဂလာလမ်း (အာတီးယား)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

မီမီကျော်

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

အမှတ် – ၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

ပ၊ ထ၊ န – အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၁၉၂၅/ ၁၉-၁၁-၂၀၂၁။